## လက်မှတ်ရေးထိုးခြင်း



အထက်ပါ ဆွေးနွေးချက်များ နှင့် အကျိုးဆောင် အေဂျင်စီကဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများ မိမိကသဘောတူပါက နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုလို့ရပါပြီ။ ယခုချိန်ကစပြီး အကျိုးဆောင် လုပ်ငန်းက အစီအစဥ်အတိုင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မိမိအနေဖြင့် ကိုယ်သွားမည့်နိုင်ငံအကြောင်း ၊ ဗဟုသုတ ဖြစ်ဖွယ်ရာအကြောင်းများ ရှာဖွေလေ့လာထားသင့်သည်။ ဥပမာ – □ □□ □ □□

## သက်ဆိုင်ရာနိုင်ငံ၏ယဥ်ကျေးမှုဓလေ့ထုံးစံနှင့် စည်းမျဥ်းစည်းကမ်းများ



အထက်ဖေါ်ပြပါ နည်းလမ်းသည် နိုင်ငံရပ်ခြား ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ နှစ်နိုင်ငံသဘောတူ စာချုပ် MOU ချုပ်ဆိုထားသည့် နည်းလမ်းဖြင့် သွားရောက်အလုပ်လုပ်မည်ဖြစ်ကြောင်း သင်သဘောပေါက်ထားပြီးဖြစ်သည်။ ဒါကြောင့် အလုပ်သမားဆိုင်ရာဥပဒေ ၊ သက်ဆိုင်ရာနိုင်ငံဥပဒေ ၊ ဓလေ့ထုံးတမ်း ယဥ်ကျေးမှုနှင့် အလုပ်သမားဆိုင်ရာ အခွင့်အရေးများလေ့လာထားသင့်သည်။ ယင်းဗဟုသုတများသည် မိမိလုပ်ငန်းခွင်တွင်ဖြစ်စေ မိမိနေထိုင်ရာ လူ့အသိုင်းအဝိုင်းတွင်ဖြစ်စေ အကျိုးရှိရှိ အထောက်အကူပြုမှာ ဖြစ်ပါတယ်။

## ခရီးစရိတ် ကုန်ကျမှုခန့်မှန်းချေ

နိုင်ငံရပ်ခြားသို့ အလုပ်အကိုင် ကိစ္စဖြင့်သွားရောက်မည်ဆိုလျှင် အထက်ပါ ဝန်ဆောင်မှုလုပ်ငန်းစဥ်များ စတင်နိုင်ဖို့ ငွေကြေးအထိုက်အလျောက် ရှိထားဖို့လိုအပ်ပါတယ်။ ပြင်ဆင်မှုလုပ်ငန်းစဥ်တိုင်းမှ မိမိသွားရောက်လိုသည့် နိုင်ငံအထိ မိမိစုဆောင်းထားသည့် ငွေနှင့်ခင်းပြီးသွားရမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်ရှာဖွေရာမှာလည်း ငွေကုန်ကြေးကျမများစေရန် စူးစမ်းလေ့လာမှုများဖြင့် စတင်ရမှာပါ။ အေဂျင်စီတွေ တခုမက စုံစမ်းသင့်ပြီး မိမိနှင့်အဆင်ပြေဆုံးတခုကို ရွေးချယ်ရမှာဖြစ်ပါတယ်။ ဆောင်ရွက်သည့် ဝန်ဆောင်မှုပေါ် မူတည်ပြီး အေဂျင်စီတဦး နှင့် တဦး ဈေးနှုန်းအနည်းအများ ကွာခြားမှုများ ရှိနိုင်ပါတယ်။






Supported By:

No. 1/5 Ameena Uthit Road. Mae Sot, Tak, 63110 ✆ 055 536 685
No. 9/34 M.1 Ing Doi Village T. Chang Phueak A. Mueang Chiang mai 50300
www. mapfoundationcm.org media@mapfoundationcm.org



# နိုင်ငံရပ်ခြားအလုပ်ကိစ္စသွားလိုသူများ ကြိုတင်ပြင်ဆင်ရန်

Printed: December 2020



“ လူသားတို့ဆိုသည်မှာ “ရေကြည်ရာ မြက်နုရာ” ရှာကြတာဟာ ရှေးပဝေသဏီကပင် ရှိခဲ့ရိုးရာဖြစ်ဖြစ်စဉ် တခုလို့ပဲဆိုရမှာပါ။ မိမိဘဝတိုးတက်ရေးအတွက် ကောင်းနိုးရာရာရှာကြံရင်း တနေရာမှ တနေရာသို့ ပြောင်းရွှေ့နေထိုင်ပြီး အလုပ်အကိုင်ရှာကြတာဟာ မွေးရာပါ အခွင့်အရေးပင်ဖြစ်သည်။ ”

မြန်မာနိုင်ငံအနေဖြင့် သဘာဝသယံဇာတ ပေါကြွယ်ဝပြီး တင့်တောင့်တင့်တယ် လုပ်ကိုင်စားသောက်နိုင်ပါသော်လည်း တိုင်းရေးပြည်ရေး မငြိမ်သက်မှုဒဏ်နှင့် တိုင်းရေးထက်ဝမ်းရေးကခက်တော့ ရေခြားမြေခြား တိုင်းတပါးသို့ အလုပ်အကိုင် သွားရောက်ရှာဖွေသူများ နေ့စဉ်နဲ့အမျှဖြစ်သည်။ အိမ်နီးနားချင်းနိုင်ငံဖြစ်သည့် ထိုင်း ၊ စင်္ကာပူ ၊ မလေးရှားအပြင် ကမ္ဘာအနှံ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများပြန့်နှံ့လျက်ရှိသည်။ တိုင်းတပါးသို့ ရွှေ့ပြောင်းအလုပ်ရှာရသည်မှာလည်း လွယ်ကူလှသည် မဟုတ်ချေ။ နိုင်ငံရပ်ခြား အလုပ်အခွင့်အလမ်း ရှာဖွေရာတွင် ကြုံတွေ့နိုင်သည့်ပြဿနာ နည်းသထက်နည်းအောင် ၊ လုံခြုံမှုလည်းရှိအောင် စူးစမ်းလေ့လာမှုနှင့် အဆင့်ဆင့်ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ရမှာပါ။





## ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီများ

နိုင်ငံရပ်ခြား တိုင်းတပါးသို့ အလုပ်အကိုင် ရှာဖွေရာတွင် လွယ်ကူချောမွေ့စေရေးနှင့် လုံခြုံစိတ်ချမှုရှိရေးအတွက် မြန်မာနိုင်ငံရှိ ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီများတွင် စုံစမ်းမေးမြန်းသင့်သည်။ ၎င်းအေဂျင်စီများက လိုအပ်သည့် အထောက်အကူ ခရီးသွားစာအုပ်စာရွက်စာတမ်းများ တာဝန်ယူ ဆောင်ရွက်ပေးသည့်ပြင် အလုပ်အကိုင် ရှာဖွေရာ၌လည်း အထောက်အကူဖြစ်သည်။



ဖော်ပြပါ ပြည်ပအလုပ်အကိုင် အကျိုးဆောင်တို့၏ လုပ်ငန်းစဉ်များသည် ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်သည့်အတွက် လုံခြုံစိတ်ချရပါသည်။ အလုပ်အကိုင် အခြေအနေပေါ် မူတည်ပြီး ပြည်ပအလုပ်အကိုင် အကျိုးဆောင်များက ရွှေ့ပြောင်းအလုပ်သမားများအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် လုပ်ငန်းအလိုက်ဆိုင်ရာများ သိသင့်သိထိုက်တတ်သင့်တတ်ထိုက်သည့် အကြောင်းအရာများလည်းသင်တန်းပေးနိုင်သေးသည်။





နိုင်ငံရပ်ခြားထွက်ပြီး အလုပ်လုပ်ဖို့ပြင်ဆင်ရာမှာ ပြည်ပအလုပ်အကိုင် အကျိုးဆောင်တွေနှင့်စတင်ဆွေးနွေး တိုင်ပင်သင့်သည့် အကြောင်းရင်းကတော့ အလိမ်မခံရအောင်ပဲဖြစ်ပါတယ်။ ဒ့်ပြင်ယင်းအေဂျင်စီတွေက နိုင်ငံရပ်ခြားမှာရှိသည့် လုပ်ငန်းရှင် အေဂျင်စီတွေ နှင့် နှစ်ဖက်နိုင်ငံအစိုးရချင်း MOU သဘောတူညီချက် လက်မှတ်ရေးထိုးထားခြင်းပဲဖြစ်ပါတယ်။ သူတို့က အလုပ်အကိုင်ရှာဖွေဆက်သွယ်ပေးသည့်ပြင် သက်ဆိုင်ရာခရီးသွားစာရွက်စာတမ်းများ အဆင်ပြေချောမွေ့စေရေးအတွက် အားလုံးဆောင်ရွက်ပေးပါတယ်။ သူတို့နှင့် သွားရောက်ဆွေးနွေး တိုင်ပင်ရာမှာ အလုပ်ကိစ္စနှင့် ပတ်သက်သည့်အကြောင်းအရာများအားလုံး မေးမြန်းသင့်ပါတယ်။



အလုပ်အမျိုးအစား ၊ ကိုယ်လုပ်ချင်သည့်အလုပ် ၊ ရက်သတ္တပတ်မှာ ဘယ်နှစ်ရက် အလုပ်ဝင်ရမယ် ၊ နေ့စဉ် အလုပ်လုပ်ချိန် ၊ OT ရှိသလား၊ လုပ်အားခ /လစာငွေ ၊ လုပ်ငန်းခွင်အခြေအနေ ၊ အလုပ်သမားအခွင့်အရေး ၊ လူမှုဖူလုံရေးအာမခံရုံပုံငွေ ၊ ကျန်းမာရေးစောင့်ရှောက်မှု နှင့် မကျန်းမမာဖြစ်လျင် ဆေးဖိုးဝါးခထောက်ပံ့ငွေ စသည်ဖြင့် မေးမြန်းသင့်သည်။



ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီလင့်များ
https://www.mol.gov.mm/mm/depts/d_o_l/oe-agency-list/

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလုပ်သမား ၊
လူဝင်ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝက်ဆိုက်
www. mol.gov.mm
Safe Migration - @dol.51